## Highlights from DVB Debate's Realistic Peace Show

**Jan 13rd, 2018**

How realistic is peace process?

**မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်လက်တွေ့ ကျရဲ့ လား**

"NCA (အပစ်ရပ်စဲရေး စာချုပ်) ရဲ့ အဓိကအားနည်းချက်ကတစ်ခုကတော့ တချို့ အချက်တွေမှာ ညှိနှိုင်းစဉ်ကတည်းကရှင်းရှင်းလင်းလင်းအဓိပ္ပာယ် မဖွင့်ခဲ့တဲ့ဟာတွေပါတယ်။ ဒါကြောင့်မို့ လို့ အဲဒီအချိန်ကတည်းက (ကျနော်တို့ လည်း ပါခဲ့တယ်)တချို့ ဟာတွေကိုအဲဒီအချိန်မှာအဓိပ္ပာယ်ဖွင့်လိုက်ရင်ရှေ့ဆက်သွားလို့ မရဘူးဆိုတဲ့ ပြဿနာတွေရှိတော့ အဲဒီအချိန်မှာ အဓိပ္ပာယ်မဖွင့်ဘူး ။ အလုပ်လုပ်ရင်းနဲ့ နားလည်မှုတွေရလာမယ်။ ယုံကြည်မှုတွေ ရလာမယ်။ အဲဒီအချိန်ကျမှ နှစ်ဖက်နားလည်မှုတွေကို တည်ဆောက်မယ်ဆိုတဲ့ သဘောတရားကို အခြေခံပြီးတော့ ရှေ့ဆက်သွားခဲ့ကြတယ်။ အခုဖြစ်နေတဲ့အခက်အခဲ တွေက NCA ညှိနှိုင်းစဉ်ကတည်းက အဓိပ္ပာယ်ဖွင့်ဖို့ အတွက် နှစ်ဖက်နားလည်မှုတွေ ကွာခြားချက်တွေပေါ်အခြေခံပြီးတော့ ဖြစ်နေတဲ့ ပြဿနာတွေပဲလို့ ယူဆပါတယ်"

**ဒေါက်တာမင်းဇော်ဦး- အလုပ်အမှုဆောင် ( မြန်မာ့ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအင်စတီကျူရှင်း )**

---

"NCA ကဘယ်ကိုသွားမယ်ဆိုတဲ့ လားရာတိတိကျကျညွှန်းထားတာမရှိဘူးဗျ။ NCA အခြေခံမူအရ ဆွေးနွေးပွဲရလဒ်နဲ့ အညီ သွားမယ်ဆိုတာပါတယ်။တကယ်လို့ ဆွေးနွေးပွဲရလဒ်က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မသွားဘူးဆိုရင် ကျနော်တို့ အတွက် ပြဿနာရှိတယ်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲလိုဟာမျိုးကို တိတိကျကျ ရှင်းရှင်းလင်းလင်းအဓိပ္ပာယ်မဖွင့်ဆိုနိုင်ဘူး။"

**စိုင်းကျော်ညွှန့် -အတွင်းရေးမှူး( ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ )**

---

"ကာချုပ်ရဲ့ မိန့် ခွန်းထဲမှာလက်နက်ချစရာမလိုဘူးပြောတယ်။သို့ သော်တခြားတပ်ပိုင်းဆိုင်ရာအရာရှိတွေက ပြောတယ်။ လက်နက်စွန့် လွှတ်ရမယ်။ ရွေးကောက်ပွဲဝင်ရမယ်။အဲဒါတွေကို ကြိုတင်ပြောထားတော့

ကျနော်တို့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တွေက ယုံကြည်မှုအတော်လျော့သွားတယ်။ ဒါဟာ အကြပ်ကိုင်သလိုပဲဖြစ်သွားတယ်။ "

**ဒေါက်တာပညာမွန် -လက်ထောက်အလုပ်မှုဆောင်ဒါရိုက်တာ (တိုင်းရင်းသားလူမျိုးများရေးရာစင်တာ)**

---

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မမှန်မချင်း၊ စိတ်တိုင်းကျမရမချင်း၊ ပင်လုံညီလာခံကို ရပ်ဆိုင်းဖို့လိုတယ်လို့ ကျနော်ထင်တယ်။မမှန်တဲ့ လုပ်ငန်းစဉ်ကိုသွားတော့ ထွက်လာတဲ့အဖြေအပေါ် မကျေနပ်မှုဖြစ်ကြတယ်။ "

**ဒေါက်တာပညာမွန် -လက်ထောက်အလုပ်မှုဆောင်ဒါရိုက်တာ (တိုင်းရင်းသားလူမျိုးများရေးရာစင်တာ)**

---

"NCA ကိုဘယ်လိုပဲအဖွဲ့ ၂၁ နဲ့ ဆွဲထားဆွဲထား ၈ဖွဲ့ပဲလက်မှတ်ထိုးတယ်ဆိုရင် ပြန်ကိုပြင်ရတော့မယ်ဗျ။ ကျနော်တို့ အရပ်ဖက်အဖွဲ့ အစည်းတွေက ဘာကိုဖြစ်ချင်လဲဆိုတာ သဘောထားလေးကို စုပြီးပေးလိုက်ရတာပဲ။ ဟိုဖက်ကို ဘယ်ရောက်သွားလဲဆိုတာတောင်မသိလိုက်ရဘူး။ ကျနော်တို့ဘဂ္ဂက ပုလင်းထဲကို စာထည့်ပြီး ပင်လယ်ထဲ မျှောလိုက်ရသလိုပဲ။ ယူသွားမှန်းလည်း မသိဘူး။ မယူသွားမှန်းလည်းမသိဘူး။ ဘယ်ရောက်သွားမှန်းကို မသိဘူး။"

**ကိုသွင်လင်းအောင်-ဒါရိုက်တာ ( စစ်မှန်သောပြည်သူ့ ကျေးကျွန်အဖွဲ့၊ အရပ်ဖက်လူမှုအဖွဲ့ အစည်း)**

---

"အခုဟာက မီးရထားတော့ထွက်သွားပြီ။ လိုက်ချင်တဲ့လူတွေကလည်းမလိုက်နိုင်တော့ဘူး။ ဆိုရရင် ရထားကပြန်ဆုတ်မလားဆိုတာ မေးရမယ်။"

**ဒေါက်တာပညာမွန် -လက်ထောက်အလုပ်မှုဆောင်ဒါရိုက်တာ (တိုင်းရင်းသားလူမျိုးများရေးရာစင်တာ)**

---

"အခုလောလောဆယ် NCA ထိုးထားတဲ့အဖွဲ့ တွေထဲက တောထဲကိုပြန်ဝင်သွားတဲ့သူမရှိသေးဘူး။ တပ်မတော်အစိုးရ လက်ထက်မှာ အဖွဲ့ (၄၁) ငြိမ်းချမ်းရေးလုပ်ခဲ့တယ်။ အဲဒီအဖွဲ့ (၄၁) မှာ (၃)ဖွဲ့ပဲ ပျက်တယ်။ ဖိနှိပ်တယ်ဆိုတဲ့ တပ်မတော်အစိုးရလက်ထက်မှာ ဘာဖြစ်လို့(၃) ဖွဲ့ပဲပျက်ရတာလဲ။ တခြားနိုင်ငံတွေရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ Ceasefire အပစ်ရပ်ရေးတွေပျက်ချိန်မှာပေ့ါနော်။ ဦးသိန်းစိန်အစိုးရ လက်ထက်မှာ အပစ်ခတ်ရပ်စဲရေးအဖွဲ့ (၁၅)ဖွဲ့ ရှိတယ်။ အဲဒီထဲမှာမှ (၈)ဖွဲ့ က NCA ထိုးတယ်။ အဲဒီ ၁၅ ဖွဲ့ စလုံး အပစ်ရပ်စဲရေး အခုချိန်ထိရှိတုန်းပဲ။ "

**ဒေါက်တာမင်းဇော်ဦး-အလုပ်အမှုဆောင် ( မြန်မာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအင်စတီကျူရှင်း )**

---